အမှာစာ

မြန်မာနိုင်ငံသမိုင်းအဖွဲ့၏ နှစ်(၅၀)မြောက်ရွှေရတုသဘင် အထိမ်းအမှတ်အဖြစ်ဖြင့် သမိုင်းနှင့်ဆက်စပ်သောစာအုပ်များကို ပုံနှိပ်ထုတ်ဝေရာတွင် ဇမ္ဗူဒီပဥဆောင်းကျမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤကျမ်းကို ၁၉၅၅ ခုနှစ်တွင် ကွယ်လွန်သူ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီးဦးမောင်မောင်တင်က မြန်မာနိုင်ငံဝန်ထမ်းနှင့် ဒေသန္တရအုပ်ချုပ်ရေး အမှုထမ်းများ "မြန်မာရာဇဝင်သမိုင်း" နှင့် "စာပေသမိုင်း" လေ့လာသူသုတေသီများအတွက် အထူးရည်ညွှန်း၍ ကူးယူဖြန့်ဖြူးအပ်သော ဇမ္ဗူဒီပဥဆောင်းကျမ်းအမည်ဖြင့် ထုတ်ဝေခဲ့ဘူးပါသည်။ တစ်ဖန် ၁၉၆၀ ပြည့်နှစ်တွင် ဤကျမ်းကို မြန်မာနိုင်ငံသုတေသနအသင်းအတွက် သတိုးသီရိသုဓမ္မဒေါက်တာဂျေ-အက်စ်-ဖာနီဗဲလ်နှင့် ဒေါက်တာဖေမောင်တင်တို့က နောက်ထပ် စီစစ်တည်းဖြတ်ပြီး ပုံနှိပ်ထုတ်ဝေပြန်ပါသည်။ ၂၀၀၅ ခုနှစ်တွင် မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာသန်းထွန်းက မကွယ်လွန်ခင်မှာ နောက်ထပ်စီစစ်တည်းဖြတ်ပြန်ပါသည်။ မြန်မာမင်းအမိန့်တော်စာတမ်းများကို သက္ကရာဇ်စဉ်ဖြင့် ပြန်လည်ရေးသားပြုစုထားပါသည်။ အချို့အမိန့်တော်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားပါသဖြင့် တမူထူးခြားပါသည်။ မြန်မာအုပ်ချုပ်ပုံသမိုင်းကို စိတ်ဝင်စားသူများအတွက် များစွာဗဟုသုတဖြစ်စေနိုင်ပါသည်။

သတိုးသီရိသုဓမ္မဒေါက်တာဂျေ-အက်စ်-ဖာနီဗဲလ်နှင့် ဒေါက်တာဖေမောင်တင်တို့ တည်းဖြတ်ထုတ်ဝေခဲ့သော ဇမ္ဗူဒီပဥဆောင်းကျမ်းကို မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၆၀ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤပညာရှင်နှစ်ဦးက ဇမ္ဗူဒီပဥဆောင်းကျမ်းပါ အကြောင်းအရာများကို အပိုင်းသုံးပိုင်း ပိုင်း၍ တင်ပြထားသည်ကို တွေ့ရပါသည်။

ပထမပိုင်းတွင် ဇမ္ဗူဒီပဥဆောင်းကျမ်းအချုပ်ဟူ၍ ဖော်ပြထားပြီး ဤအပိုင်း၏အဓိက အကြောင်းအရာများမှာ ဒဂုံဆံတော်ရှင်စေတီ၏သမိုင်းအကျဉ်းနှင့် နိုင်ငံရေးပထဝီအကြောင်း ဖြစ်ပါသည်။

ဒုတိယအပိုင်းတွင် သက္ကရာဇ် ၉၉၉ခုနှစ်ထက်ရှေးကျသော အမိန့်တော်စာတမ်းများကို စုစည်းတင်ပြထားပါသည်။ ဤအပိုင်းတွင် အများအားဖြင့် မြို့နယ်ကျေးရွာအုပ်ချုပ်ရေးဆိုင်ရာ အကြောင်းများပါဝင်သည်။ မြို့နယ်ကျေးရွာများကို သက္ကရာဇ်စဉ်ဖြင့် အောက်ပါအတိုင်း တင်ပြထားသည်ကို တွေ့ရပါသည်။

၁။ ရေရှည်ကြီးရွာ (၉၆၃ ခုနှစ်) (ညောင်ရမ်းမင်းတရားကြီးလက်ထက်ဖြစ်သည်)

၂။ သိန်းနီမြို့ (၉၆၃)
၃။ မှိုင်းတွယ်မြို့ (၉၆၃၊ ၉၇၁၊ ၉၉၉)
၄။ မန်လည် ၅ ရွာ (၉၆၅)
၅။ ရှမ်းမြင်း (၈၈၆)
၆။ မောက်ကတော် (၉၆၇)
၇။ မြောင်းမြ (၉၉၉)
၈။ ရွှေတောင် (၉၉၉)
၉။ သရေခေတ္တရာ (၉၉၉)
၁၀။ တလ
၁၁။ ကျောက်ဆည် (၉၆၄)
၁၂။ မော်ဗီ (၉၆၉)
၁၃။ ပုသိမ် စသည်တို့ဖြစ်ပါသည်။

ထို့ပြင် မင်းကြီးစွာစော်ကဲအမိန့်တော်စာတမ်းကြီး (၇၂၉)၊ သာလွန်မင်းတရားကြီး အမိန့်တော်စာတမ်းကြီး (၉၉၉) (အုပ်ချုပ်ရေးဆိုင်ရာအမိန့်)၊ မင်းမှုထမ်းများကိုလည်း ရာထူးအလိုက် စီရင်ပိုင်ခွင့်အာဏာများကို သတ်မှတ်ပေးခြင်း၊ လုံရှည်ကိုင်ဆောင်သူများကို နေရာချထားခြင်း၊ မြေပိုင်ဆိုင်ခွင့်စသည့် အခွင့်အရေးများကို သတ်မှတ်ဖော်ပြပေးထားသည်ကို တွေ့ရပါသည်။

တတိယပိုင်းတွင် နောက်ကျသည့်စာတမ်းများဟူ၍ ဖော်ပြထားပါသည်။ အုပ်ချုပ်ရေးဆိုင်ရာအမိန့်တော်စာတမ်းများကို သက္ကရာဇ်စဉ်ဖြင့် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

၁။ ပေါက္ကံမြစည်းခံဘုရားသမိုင်း
၂။ မှိုင်းတွယ်မြို့ (၉၆၃)

၃။ သုံးဆယ်မြို့ (၉၆၃)
၄။ ပုပ်ကန်ကြီးရွာ (၉၇၃)
၅။ အုံးကွမ်းအရာတော် (၉၉၉)
၆။ အုံးကွမ်းငှက်ကြီးသိုက် (၁၀၄၁)
၇။ ဆင်အိုင်ပိန်ညင်း (၁၀၆၁၊ ၁၀၇၆)
၈။ တောင်ရှည် (၁၀၄၁)
၉။ မြကန်ဆိုင်ရာအမိန့်တော် (၁၀၆၁)
၁၀။ အုံးကွမ်းဆိုင်ရာအမိန့်တော် (၁၀၇၆၊ ၁၀၉၅)
၁၁။ မုတ္တမတောင်ငူဆိုင်ရာအမိန့်တော်များ (၁၀၄၁၊ ၁၀၆၁၊ ၁၀၇၆၊ ၁၀၇၇၊ ၁၀၈၆၊ ၁၀၉၈)
၁၂။ မှိုင်းလုံး (၉၆၄၊ ၉၉၉၊ ၁၀၂၇)
၁၃။ စိမ်းကျည်းကျွဲဆွဲကန်းရွာ (၁၀၉၅၊ ၁၁၅၀၊ ၁၁၀၃)
၁၄။ မြင်းစီးဖွဲ့ခြင်း (၉၆၁)
၁၅။ အုတ်ကန်ကြီး (၉၇၆)
၁၆။ မြင်းခုံတိုင် (၉၉၉)
၁၇။ ရန်အောင်မြို့သစ် (၁၀၃၀၊ ၁၀၅၁)
၁၈။ ဖုတ်ကန်ကြီး (၉၆၇)
၁၉။ မြစ်ငယ်ချရွာ (၁၀၃၀)
၂၀။ နိုင်းစု ၄စု (၉၉၉)
၂၁။ လမိုင်း (၉၉၉)
၂၂။ နောက်တော်ပါရွှေပန်းပန် (၉၆၃)

၂၃။ ခင်းမယ်ပါအစု (၉၉၉) စသည်တို့ဖြစ်ပါသည်။

ဇမ္ဗူဒီပဥဆောင်းကျမ်းနှင့်စပ်လျဉ်း၍ မြည်တွင်းမှာ သုံးမူရှိပါသည်။ ပထမမူမှာ ကွယ်လွန်သူ ပုဂံဝန်ထောက်ဦးတင်၏မူဖြစ်ပါသည်။ ဒုတိယမူမှာ ဗားနတ်မူလို့ခေါ်ပါသည်။ ဗားနတ်စာကြည့်တိုက်တွင် သိမ်းထားသည့်အတွက်ကြောင့် ဗားနတ်မူလို့ခေါ်ပါသည်။ ဒီမူကို ပုဂံဦးတင်မှ ကူးယူထားသည်လို့ ဆိုကြပါသည်။ တတိယမူမှာ တောင်တွင်းကြီးမူဖြစ်ပါသည်။ ပြည်ပတွင် ဇမ္ဗူဒီပဥဆောင်းကျမ်းနှစ်မူရှိပါသည်။ ဗြိတိသျှပြတိုက်တွင် အောရ် အမှတ်စဉ် ၃၄၄၂-တစ်မူရှိပြီး၊ နောက်တစ်မူကို အောရ်အမှတ်စဉ် အောရ် ၃၄၀၉ဖြစ်သည်ကို တွေ့ရပါသည်။ ဤမူကိုတော့ "ပုဂံအင်းဝရာဇဝင်" ဟူ၍ဖော်ပြထားပါသည်။

ဤကျမ်းတွင် မြန်မာများ အပြောက်ပြောင်းချောသောနတ်များကို ဘုရင့်နောင်လက်ထက်မှစ၍ အသုံးပြုကြောင်းဖော်ပြထားသည်။ ဤလက်နက်များကို ကိုင်တွယ်သူများမှာ ပေါ်တူဂီများ၊ ပသီစစ်သုံးပန်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့အပြင် ဇမ္ဗူဒီပလကျွာတောင်ကျွန်း၌ တိုင်းကြီး ၁၆၊ တိုင်းပြည်ကြီး ၁၆ပြည် ခွဲခြားသတ်မှတ်ကြောင်းလည်း ဖော်ပြထားပါသည်။ "ပြည်" ဆိုသောဝေါဟာရသည် "ဗျူ" မှ ဆင်းသက်လာကြောင်းတင်ပြထားသည်။ "တိုင်း" နှင့် "ပြည်" ဆိုသောစကားသည် မြန်မာမင်းများလက်ထက်တွင် အသုံးများလာသည်။ ဥပမာ- မြန်မာပြည်၊ ရှမ်းပြည်၊ ယွန်းပြည်၊ တရုတ်ပြည်၊ ပြည်မြို့ စသည်တို့ဖြစ်သည်။

"တိုင်း" နှင့်စပ်လျဉ်း၍ ဇမ္ဗူဒီလကျွာတောင်ကျွန်း အိန္ဒိယပြည်၌ "တိုင်း" ၁၆တိုင်းရှိကြောင်း အောက်ပါအတိုင်းဖော်ပြထားပါသည်။

၁။ သာဝတ္ထိ
၂။ ဝေသာလီ
၃။ ပါဋလိပုတ်
၄။ ခေတုတ္တရာ
၅။ သဃ်သာနဂိုရ်

၆။ ဧမ္မာနဂိုရ်
၇။ ကလိန်ကတုတ်
၈။ ကောလီယ
၉။ သာကေတ
၁၀။ ဣန္ဒပတ္ထနဂိုရ်
၁၁။ ကပိလဝတ္ထု
၁၂။ ရာဇဂြိုလ်
၁၃။ ကုသိနာရုံ
၁၄။ ဓာဝသပ
၁၅။ ကောသမ္ဗီ
၁၆။ ဗာရာဏသီ တို့ဖြစ်ပါသည်။

"ပြည်" ၁၆ပြည်ကား အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ အင်္ဂ
၂။ မဂဓ
၃။ ကာသိ
၄။ ကောသလ
၅။ ဝဇ္ဇီ
၆။ စေတိယ
၇။ ဝံသ

၈။ ကုရု
၉။ ပဉ္စာလ
၁၀။ မစ္ဆ
၁၁။ သူရသေန
၁၂။ ကမ္ဘောဇ
၁၃။ သက္က
၁၄။ အဿက
၁၅။ အဝန္တိ
၁၆။ ဂန္ဓာရ စသည်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ထိုခေတ်အခါကာလက တိုင်းရှစ်တိုင်းသတ်မှတ်ထားသည်ကို အောက်ပါအတိုင်းတွေ့ရပါသည်။

၁။ သုနာပရန္တတိုင်း (ဧရာဝတီမြစ်၏အနောက်ဘက် မြောက်အရပ်ဒေသတွင် တည်ရှိပါသည်)
၂။ တမ္ဗဒီပတိုင်း (ဧရာဝတီမြစ်၏အရှေ့ဘက်၊ တောင်ဘက်အရပ်ဒေသတွင် တည်ရှိပါသည်)
၃။ သီရိခေတ္တရာမတိုင်း (သရေခေတ္တရာအရပ်ဒေသတွင် တည်ရှိသည်)
၄။ ဇေယျဝဍ္ဎနတိုင်း (ကေတုမတီ-တောင်ငူအရပ်ဒေသတွင် တည်ရှိသည်)
၅။ ရာမညတိုင်း (ပုသိမ်၊ ဥပါယ်ခို၊ မုတ္တမအရပ်ဒေသတွင်တည်ရှိသည်)
၆။ သုဝဏ္ဏဘူမိတိုင်း (သုဝဏ္ဏရွှေမြေ ရှမ်း ၅၇မြို့ရှိရာအရပ်ဒေသတွင်တည်ရှိသည်)
၇။ ကမ္ဘောဇတိုင်း (မိုးနဲညောင်ရွှေအရပ်ဒေသတွင် တည်ရှိသည်)
၈။ ဓိနဲ့တိုင်း (မိုးမိတ်၊ ဘန်းမော် အရပ်ဒေသတွင်တည်ရှိသည်)

ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် ရှမ်းပြည်နှင့်စပ်လျဉ်း၍ ကျိုင်း ဖုကျိုင်း၊ မိုင်း ဖုမိုင်း၊ ထား ဖုထားနှင့် မော ဖုမောဟူ၍ ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ ထို့အပြင် "တိုင်" "တိုက်" "ခရိုင်" "မြို့" "အဝေးမြို့" စသည့်ဝေါဟာရများကိုလည်း သုံးစွဲလာသည်ကိုလည်း တွေ့ရပါသည်။

ဤ ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် အရပ်ရပ်ဆိုင်ရာ အုပ်ချုပ်ရေးကိစ္စများ ဖော်ပြထားသည်လည်းတွေ့ရပါသည်။ မှတ်တမ်းများ၊ ဘုရင့်အမိန့်တော်များတွင် အမျိုးမျိုးသောထုံးစံဓလေ့များ၊ စစ်တပ်များ၊ အသင်းများ၊ အုပ်ချုပ်သူဝန်ထမ်းများ၏လုပ်ပိုင်ခွင့်များကိုပါ ဖော်ပြထားသည်။ နန္ဒဘုရင်လက်ထက် မင်းစိုးမဲ့အခြေသို့ကျရောက်ခြင်း၊ ဘေးဥပဒ်နှင့်ကြုံတွေ့ခြင်းနှင့် နှစ်ပေါင်းကြာရှည်စွာ ဒုက္ခဆင်းရဲခြင်းနှင့် ကြုံတွေ့ရသောအကြောင်းအရာများကို ဖော်ပြထားသည်။ အလယ်ခေတ်မြန်မာပြည်အုပ်ချုပ်ရေးအကြောင်းကို ဖော်ပြထားပါသည်။ ဘုရင်အောက်ရှိလွှတ်တော်သည် အုပ်ချုပ်ရေးအာဏာတည်ရှိရာ ဗဟိုဖြစ်ကြောင်းဖော်ပြထားသည်။ အုပ်ချုပ်ရေးဆိုင်ရာဝေါဟာရဖြစ်သည့် ပြော့ကြီးမှူး၊ စမြောင်မှူး၊ သာရဝေါမှူး၊ နားထောက်၊ နာခံ၊ ဝင်းမှူး၊ ဆင်မှူး၊ ထင်းမှူး၊ ကလန်၊ သံပျင်၊ အသည်၊ တောတိုင်၊ တောကဲ၊ အတိုင်၊ ယာတိုင်၊ ကျိပ်ပြု၊ ရာပြု၊ ထောင်ပြု၊ ရွှေတောင်ကျွန်းသီး၊ ရွာကြီး၊ ရွာငယ်၊ ထန်း၊ လက်မထောက်၊ လက်မရွှဲ၊ ငှက်ဆော်စောင့် စသည်တို့ကိုလည်းတွေ့ရှိရပါသည်။ ၁၀ ရာစုခေတ် ယိုးဒယားအုပ်ချုပ်ရေးနှင့် မြန်မာအုပ်ချုပ်ရေး တူညီပုံနှင့် ယိုးဒယားအုပ်ချုပ်ရေးသည် ခမာတို့မှ ရရှိလာကြောင်းလည်း ဖော်ပြထားသည်ကိုတွေ့ရသည်။ အမှုအရာထမ်းများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ထားခြင်းနှင့် ၎င်းတို့ရသင့်ရထိုက်သော မြေပိုင်ခွင့်များကို သတ်မှတ်ပေးသည့် အမိန့်တော်စာတမ်းများကို တွေ့ရပါသည်။ ထိုခေတ်ထိုအခါက အစိုးရဝန်ထမ်းများကို အသင်းအစုအခွဲဖွဲ့ထားသည်ကိုလည်း တွေ့ရပါသည်။ ထိုခေတ်က စစ်တပ်များဖွဲ့စည်းပုံကိုလည်း တင်ပြထားပါသည်။

မြင်းတပ်၊ ဆင်တပ်၊ ဒိုင်းတပ်၊ သေနတ်၊ ကာ၊ လွှား၊ လုံရှည်တပ်များဖွဲ့စည်းပုံ၊ ဒိုင်း၏အရှည်အလျား အနေအထားများကို ဖော်ပြထားသည်။ ဒိုင်းသည်အလျားတတောင့်ထွာ၊ အနံတတောင်ရှိကြောင်း၊ သားရေကိုစိန်ကတုံးကဲ့သို့ ခုံးခုံးလုပ်ထားပြီး သစ္စေးသားရိုးကိုင်ပြီး၊ ဟသံပြဒါးအနီ ၂၈မှု ရွှေတစ်ခုမြယ်လှယ်ထားကြောင်း ဖော်ပြထားသည်။ စစ်မှုထမ်းများ ထိုးကွင်းထိုးရကြောင်းလည်း ဖော်ပြထားသည်။

အခွန်တော်နှင့်စပ်လျဉ်း၍ ထိုခေတ်ကကောက်ခံသော အခွန်အမျိုးအမည်များကို အသေးစိတ်ဖော်ပြထားသည်။ မြေမှူ၊ ရေမှူ၊ ရေလိုက်၊ မြေလိုက်၊ ရေထက်၊ မြေထက်၊ အခွန်မ၊ အခွန်သေး၊ ခွန်သေးခွန်ရှင်၊ ရွှေခွန်၊ ငွေခွန်စသည်တို့တွေ့ရပါသည်။ ပေးဆောင်ရသော အခွန်အမျိုးအစားများမှာ ထိုခေတ်က တမာစေး၊ ဖျော်၊ အုံးတုံခေါက်၊ ဥသျှစ်၊

တင်လဲ၊ မုရိုး၊ မီးသွေး၊ ထန်းဖူး၊ မန်ကျည်းမှည့်၊ ရေနံ၊ အင်တွဲ၊ လဲဝါ၊ ကျွဲကော်၊ ကြိမ်၊ ကျွဲ၊ နွားများပါဝင်သည်။

တရားစီရင်မှု၊ အရပ်ရပ်ဆိုင်ရာအုပ်ချုပ်မှုအကြောင်းအရာများကို ဤဥဆောင်းကျမ်းတွင်တွေ့နိုင်သည်။ အမိန့်တော်တိုင်းကိုလည်း ခြင်္သေ့တံဆိပ်ခတ်နှိပ်သည်ကို တွေ့ရသည်။ ထိုခေတ်က အမိန့်တော်အစား အမှာစာဟူ၍လည်းကောင်း၊ အမှာစာတမ်းဟူ၍လည်းကောင်း သုံးစွဲလာသည်ကိုလည်း တွေ့ရှိရပါသည်။

ဇမ္ဗူဒီပဥဆောင်းကျမ်းကို လေ့လာဖတ်ရှုခြင်းအားဖြင့် အောက်ဖော်ပြပါအကြောင်းအရာများကို သိရှိနိုင်ပါသည်။ ရှေးခေတ်က

၁။ မြို့နယ်ကျေးရွာအမည်များ
၂။ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသော လုပ်ငန်းဆိုင်ရာဝေါဟာရများ
၃။ ဌာနဆိုင်ရာအခေါ်အဝေါ်များ
၄။ အုပ်ချုပ်ရေးဆိုင်ရာနယ်မြေအခြေအနေများ
၅။ စစ်တပ်ဖွဲ့စည်းပုံနှင့် အလုပ်ဝတ္တရားဆိုင်ရာဝေါဟာရများ
၆။ ဗဟိုနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ အခေါ်အဝေါ်များ
၇။ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ အခေါ်အဝေါ်များ
၈။ အခွန်တော်နှင့်စပ်လျဉ်းသော အခွန်အမျိုးအစားများ
၉။ မြေအမျိုးအစားများနှင့် မြေလုပ်ကိုင်ခြင်းဆိုင်ရာဝေါဟာရများ
၁၀။ အုပ်ချုပ်ရေးဆိုင်ရာ နယ်နမိတ်သတ်မှတ်ချက်များ
၁၁။ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာဝေါဟာရများ စသည်တို့ဖြစ်ပါသည်။

ဤကျမ်းတွင်ပါရှိသောအမိန့်များကို ဆရာကြီးဒေါက်တာသန်းထွန်းက ဇွဲရှိရှိနှင့် အပင်ပန်းခံပြီး သက္ကရာဇ်များကိုပြန်လည်စီစစ်ပြီး ခရစ်သက္ကရာဇ်အစဉ်အလိုက် ပြန်လည်ပြုစု ရေးသားတင်ပြထားသည်ကို တွေ့ရပါမည်။ ခရစ်သက္ကရာဇ် ၁၃၆၇ ခုနှစ် ဇွန်လ (၂)

ရက်နေ့မှအစပြုပြီး ၁၇၄၁ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်နေ့အထိ ထုတ်ပြန်ထားသောအမိန့်များကို စနစ်တကျစီစဉ်ပြီး တင်ပြထားသည်ကိုတွေ့ရပါသည်။

အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားသော အမိန့်တော်များကိုကြည့်လျှင် ၁၃၆၇ ခုနှစ် ဇွန်လ (၁)ရက်နေ့အစပြုပြီး ၁၇၄၁ ခုနှစ် ဒီဇင်ဘာလ (၂၈)ထိ ထုတ်ပြန်ထားသောအမိန့်တော်များကို သက္ကရာဇ်စဉ်အလိုက် တင်ပြထားသည်ကိုတွေ့ရပါသည်။ ထို့အပြင် ဤကျမ်းတွင် တွေ့ရှိရသည့် ဝေါဟာရဆိုင်ရာအညွှန်းများကိုလည်း မြန်မာလိုနှင့် အင်္ဂလိပ်လို (Index) များကို စာဖတ်သူတို့အလွယ်တကူရှာဖွေနိုင်ရန် နောက်ဆက်တွဲတွင်ပြည့်စုံစွာ ဖော်ပြထားပါသည်။ ဤစာအုပ်သည် ရှေးမြန်မာ့အုပ်ချုပ်ရေးဆိုင်ရာအကြောင်းအရာများ ပါရှိသဖြင့် စာဖတ်သူများ အလွန်ဗဟုသုတဖြစ်စေနိုင်၍ ဤစာအုပ်သည် အိမ်စာကြည့်တိုက်၊ ကျောင်းတက္ကသိုလ်စာကြည့်တိုက်၊ ဌာနဆိုင်ရာစာကြည့်တိုက်၏စင်တွင် အမြဲထားရှိသင့်သောစာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဤကျမ်းကို ပရိသတ်များအလွယ်တကူဖတ်ရှုနိုင်ရန် အပင်ပန်းခံပြီး ပြုစုတင်ပြသွားသော မြန်မာသမိုင်းအဖွဲ့ဝင်ဆရာကြီး ဒေါက်တာသန်းထွန်းအား အထူးကျေးဇူးတင်ရှိပါကြောင်း သမိုင်းမှတ်တမ်းတင်အပ်ပါသည်။

ဦးစိုင်းအောင်ထွန်း
ဒုတိယဥက္ကဋ္ဌ
မြန်မာ့သမိုင်းအဖွဲ့
၇-၂-၂၀၀၆

၁။ အမှာစာ . . . ဦးစိုင်းအောင်ထွန်း က-ဈ
၂။ ဇမ္ဗူဒီပဥဆောင်း ၁-၁၄၉
၃။ A Note on Jambudipa Ok Saung
Jambu Island in a Nutshell . . . Than Tun i-xix
၄။ JAMBUDIPA 151
၅။ အညွှန်း ၂၆၉
၆။ INDEX 299